# မြန်မာ- လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများအကြောင်း IPCM အဖွဲ့ဝင်များအတွက် မှတ်စု

**Centre for Law and Democracy**
info@law-democracy.org
+1 902 431-3686
www.law-democracy.org

## စံနှုန်းများအား ခြုံငုံသုံးသပ်ချက်

ဤကဏ္ဍတွင် လွတ်လပ်၍ တရားမျှတသည်ဟု မှတ်ယူရမည့် ရွေးကောက်ပွဲတစ်ခု၏ အဓိကစံနှုန်းများကို အကျဉ်းချုပ်ဖော်ပြထားပါသည်။ စံနှုန်းတစ်ခုစီ၏ သဘောသဘာဝကို ဤမှတ်စု၏ ပင်မအပိုင်းတွင် အသေးစိတ်ဖော်ပြထားသည်။

### အခြေခံလွတ်လပ်ခွင့်များအား လေးစားခြင်း

အခြေခံလွတ်လပ်ခွင့်များအား လေးစားခြင်းသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ အတွက် မရှိမဖြစ်အခြေခံလိုအပ်ချက်ဖြစ်သည်။ အခွင့်အရေးများအားလုံးကို လေးစားခြင်းမှာ ရွေးကောက်ပွဲကာလအတွင်း အရေးပါသည့်အလျောက် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ခုဖြစ်လာရန် အချိန်မရွေးလိုက်နာရမည့် အဓိကကျသောလွတ်လပ်ခွင့်များမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့်နှင့်၊ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်တို့ ဖြစ်သည်။

### ရွေးကောက်ပွဲရလဒ်များအား လေးစားခြင်း

ရွေးကောက်ပွဲရလဒ်ကိုလူတိုင်းလေးစားခြင်းသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ၏ အဓိက လက္ခဏာတစ်ခုဖြစ်သည်မှာ ပြောစရာမလိုအောင် ထင်ရှားပါသည်။ သို့မှမဟုတ်လျှင် စစ်မှန်သော ရွေးကောက်ပွဲတစ်ခုဖြစ်မည်မဟုတ်ပေ။

## အခါအားလျော်စွာကျင်းပသော ရွေးကောက်ပွဲများ

ပုံမှန်အားဖြင့် ရွေးကောက်ပွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အခါအားလျော်စွာ ကျင်းပရန်၊ နိုင်ငံအများစုတွင် လေးနှစ်မှ ငါးနှစ်အတွင်း ကျင်းပရန် ပကတိ သတ်မှတ်ထားသည်။

## အကြမ်းဖက်ခြင်း

အကြမ်းဖက်မှုမှန်သမျှမှ ကင်းဝေးရန်မှာ ရွေးကောက်ပွဲများ၏ အင်္ဂါရပ်တစ်ခုပင်ဖြစ်သည်။ ရွေးကောက်ပွဲကာလအတွင်း အကြမ်းဖက်မှုသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ဗဟိုချက်ဖြစ်သော တရားမျှတပြီး ငြိမ်းချမ်းစွာယှဉ်ပြိုင်မှုဆိုင်ရာ အယူအဆနှင့် ဆန့်ကျင်လျက်ရှိသည်။

## လူတိုင်းမဲပေးနိုင်ခွင့်

လူတိုင်း တန်းတူညီမျှမဲပေးနိုင်ခွင့်ဟုဆိုရာတွင် အတိအကျအားဖြင့် လူတိုင်း မဲဆန္ဒထုတ်ဖော်ခွင့် ရှိရမည်ဖြစ်ပြီး ထိုမဲသည် တခြားသူတိုင်း၏ မဲများနှင့်တန်းတူဖြစ်ရမည်ဟူသော သဘောတရားမှာ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲတစ်ခု၏ အခရာပင်ဖြစ်သည်။

## လျှို့ဝှက်မဲဆန္ဒ

ရွေးကောက်ပွဲတစ်ခု လွတ်လပ်ပြီး တရားမျှတမှုရှိရန် မဲပြားများကို လျှို့ဝှက်ထားရမည်ဖြစ်ပြီး ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်းများမရှိဘဲ တစ်ဦးချင်း၏ မဲပေးပိုင်ခွင့်ကို ကာကွယ်ရန် မဲပြားမှတဆင့် လူတစ်ဦးတစ်ယောက်အား ခြေရာခံနိုင်ခြင်းမရှိစေရပါ။

## အမှီအခိုကင်းသော ကြီးကြပ်မှု

အထက်ဖော်ပြပါစံနှုန်းများအားလုံးကို လေးစားလိုက်နာမှုရှိကြောင်းသေချာစေရန် ဥပမာအားဖြင့် ရွေးကောက်ပွဲကော်မရှင်တစ်ခုက အမှီအခိုကင်းကင်းဖြင့် ရွေးကောက်ပွဲကျင်းပခြင်းကို စီမံကြီးကြပ်ရန် မဖြစ်မနေလိုအပ်သည်။

## အယူခံဝင်ခြင်း

ရွေးကောက်ပွဲကျင်းပရာတွင် မဲမသမာမှုများရှိကြောင်းထောက်ပြပြောဆိုရန် တရားရုံးများမှတစ်ဆင့် သို့မဟုတ် အမှီအခိုကင်းသော စီမံခန့်ခွဲရေးအယူခံအဖွဲ့တစ်ခုမှဖြစ်စေ ဘက်လိုက်မှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ အယူခံဝင်နိုင်သည့် စနစ်တစ်ခု လူတိုင်းလက်လှမ်းမီသင့်သည်။

## နိဒါန်း

"လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ" အဖြစ် လူသိများသည့် ရွေးကောက်ပွဲများတွင် အသုံးပြုနေသည့် နိုင်ငံတကာစံနှုန်းများကို ချပြနိုင်ရန် တရားဥပဒေနှင့် ဒီမိုကရေစီ ဗဟိုဌာန Centre for Law and Democracy (CLD) မှ ဤမှတ်စု[1]ကို ပြုစုရေးသားသည်။ လက်ရှိမြန်မာနိုင်ငံကို အုပ်ချုပ်နေသည့် စစ်အစိုးရက ကျင်းပလာနိုင်သည့် ရွေးကောက်ပွဲအကြောင်းကို သတင်းသမားပီသစွာနှင့် ဓမ္မဓိဋ္ဌာန်ကျကျ တင်ဆက်နိုင်စေဖို့ လွတ်လပ်သော မြန်မာသတင်းမီဒီယာ ကောင်စီ (IPCM)[2]၏ အဖွဲ့ဝင်များကို ပံ့ပိုးကူညီရန် အဓိကရည်ရွယ်သည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ သို့မဟုတ် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ရွေးကောက်ပွဲများကျင်းပမည်ဟု မြန်မာစစ်အစိုးရက မတ်လ ၈ ရက်နေ့တွင် ကြေညာထားခဲ့သည်ဖြစ်ရာ[3]

---

[1] ဤမှတ်စုသည် Creative Commons Attribution-Non Commercial-ShareAlike 3.0 Unported Licence အောက်တွင် လိုင်စင်ရထားသည်။ ဥပဒေနှင့် ဒီမိုကရေစီဗဟိုဌာန (Centre for Law and Democracy)အား အသိအမှတ်ပြုဖော်ပြခြင်းဖြင့် လွတ်လပ်စွာ ကူးယူ၊ ဖြန့်ဝေ၊ ပြသရန်နှင့် ဆင့်ပွားဖန်တီးအသုံးပြုနိုင်သည်။ ဤမှတ်စုကို စီးပွားဖြစ်ရည်ရွယ်ချက်အတွက် အသုံးမပြုပါနှင့်။ ဤထုတ်ဝေမှုမှ ဆင်းသက်လာသည့် မည်သည့်အလုပ်ကိုမဆို တစ်ပုံစံတည်းတူညီသည့် လိုင်စင်အောက်တွင် မဖြန့်ဝေရပါ။ ဤလိုင်စင်မိတ္တူကို http://creativecommons.org/licenses/by-nc-sa/3.0/ ၌ ဝင်ရောက်ကြည့်ရှုပါ။

[2] https://www.facebook.com/p/Independent-Press-Council-Myanmar-61553884594152/ တွင်ကြည့်ပါ။

[3] The Guardian သတင်းဌာန၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ပါ "မြန်မာစစ်အစိုးရ၏ ရွေးကောက်ပွဲကတိမှာ အတုအယောင်ဖြစ်ကြောင်း ကျွမ်းကျင်သူများရှုတ်ချ" သတင်းတွင်ကြည့်ရန် https://www.theguardian.com/world/2025/mar/10/myanmar-juntas-promise-of-elections-denounced-as-sham-by-experts

မြန်မာသတင်းမီဒီယာကောင်စီ (IPCM)အဖွဲ့ဝင်များအနေဖြင့် လက်ရှိ မြန်မာနိုင်ငံကို အုပ်ချုပ်နေသော စစ်အစိုးရက ကျင်းပလာမည့် မည်သည့် ရွေးကောက်ပွဲမဆို လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း မီးမောင်းထိုးပြသရာတွင် ခိုင်လုံသော အထောက်အထားများအဖြစ် ရည်ညွှန်းနိုင် စေရန် ယခုမှတ်စုတွင် နိုင်ငံတကာရွေးကောက်ပွဲစံနှုန်းများကို အသေးစိတ်ဖော်ပြရန် ရည်မှန်းသည်။

စစ်အစိုးရ၏ ပံ့ပိုးကူညီမှုအောက်တွင်ကျင်းပသည့် မည်သည့်ရွေးကောက်ပွဲမဆို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီမည်မဟုတ်ဟု ကျွန်ုပ်တို့ ယူဆပါသည်။ သို့ရာတွင် မြန်မာနိုင်ငံကို အုပ်ချုပ်နေသည့် စစ်အစိုးရက အဆိုပါစံနှုန်းများနှင့် မကိုက်ညီသည့်အကြောင်းများကို ဤမှတ်စု နေရာအတော်များများတွင် အသေးစိတ် ဖော်ပြမည် မဟုတ်ပါ။ ယင်းအချက်သည် မြန်မာ့အရေးနှင့်ပတ်သက်သည့် ဒီမိုကရေစီလေ့လာသူများအတွက် များသောအားဖြင့် သိသာထင်ရှားပြီးဖြစ်သလို CLD က တင်ပြသည့် အစီအရင်ခံစာ အများးစုအပါအဝင် မြန်မာ့အရေးအစီအရင်ခံစာအတော်များများတွင် ရှင်းရှင်းလင်းလင်း ဖော်ပြပြီးဖြစ်သည်။[4] မြန်မာနိုင်ငံ တွင် ကျင်းပနိုင်သည့် မည်သည့်ရွေးကောက်ပွဲမဆို ယခုမှတ်စုတွင် ပါဝင်မည့် စံနှုန်းများကို မည်သို့မည်ပုံ လေးစားလိုက်နာနိုင်။ မလိုက်နာနိုင်မည်ကို စာဖတ်သူများဆုံးဖြတ်ရန် ချန်လှပ်ထားခဲ့ပါသည်။

အခါအားလျော်စွာကျင်းပသော စစ်မှန်သည့်ရွေးကောက်ပွဲများတွင် လူတစ်ဦးချင်းစီ(နိုင်ငံသားများ)၏ အစိုးရကို မဲပေးရွေးချယ်နိုင်ခွင့်ဆိုင်ရာ ဒီမိုကရေစီ သဘောတရား သည် နိုင်ငံတကာဥပဒေအောက်တွင် ကောင်းမွန်စွာတည်ရှိနေသည်။ ယင်းအား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)[5] ၏ အပိုဒ် ၂၁ တွင် အောက်ပါအတိုင်း ကာကွယ်ထားသည်။

၁။ လူတိုင်းသည် မိမိနိုင်ငံ၏ အစိုးရတွင် တိုက်ရိုက်သော်လည်းကောင်း၊ လွတ်လပ်စွာရွေးချယ်ထားသော ကိုယ်စားလှယ်များမှတစ်ဆင့်သော်လည်းကောင်း ပါဝင်ခွင့်ရှိသည်။

---

[4] CLD ၏ မြန်မာနိုင်ငံအကြောင်းစာတမ်းများနှင့်ပတ်သက်ပြီး နောက်ထပ်အချက်အလက်များကိုကြည့်ရှုလိုပါက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးကတည်းက အခြေအနေနှင့် ယင်းမတိုင်ခင် အခြေအနေနှစ်ရပ်လုံးကို တင်ပြထားသော သတင်းရင်းမြစ်များကို ကျွန်ုပ်တို့၏ မြန်မာသတင်းရင်းမြစ်စာမျက်နှာတွင် ကြည့်ပါ။ https://www.law-democracy.org/projects/myanmar-resource-page/

[5] ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၂၁၇က (၃)၊ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ရက်
https://www.un.org/en/about-us/universal-declaration-of-human-rights

၂။ လူတိုင်းသည် မိမိနိုင်ငံရှိ အများပြည်သူ ဝန်ဆောင်မှုများကို တန်းတူညီမျှစွာ ရယူပိုင်ခွင့်ရှိသည်။

၃။ ပြည်သူတို့၏ဆန္ဒသည် အစိုးရအာဏာ၏ အခြေခံဖြစ်ရမည်။ ယင်းဆန္ဒကို အားလုံးတန်းတူညီမျှ ဆန္ဒမဲပေးခွင့်ရှိသော အခါအားလျော်စွာကျင်းပသည့် စစ်မှန်သော ရွေးကောက်ပွဲများတွင် လျှို့ဝှက်မဲပေးခြင်းဖြင့် သို့မဟုတ် အလားတူ လွတ်လပ်စွာမဲပေးမှုလုပ်ငန်းစဉ်များဖြင့် ထုတ်ဖော်နိုင်ရမည်။

နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ် (ICCPR)[6] ၏ အပိုဒ် ၂၅ တွင် လည်း အောက်ပါအတိုင်း အလားတူအသုံးအနှုန်းများဖြင့် ကာကွယ်ထားသည်။

> နိုင်ငံသားတိုင်းသည် အပိုဒ်ခွဲ ၂ တွင်ဖော်ပြထားသည့် ခွဲခြားမှုတစ်စုံတစ်ရာမရှိဘဲ၊ ကျိုးကြောင်းမညီညွတ်သော တားမြစ်ကန့်သတ်ချက်မျိုးမရှိဘဲ အောက်ပါအခွင့်အရေးနှင့် အခွင့်အလမ်းများ ရှိရမည်။
>
> (က) ပြည်သူ့အရေးဆောင်ရွက်ရာတွင် တိုက်ရိုက် သို့မဟုတ် လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များမှတစ်ဆင့် ပါဝင်ဆောင်ရွက်ခွင့်၊
>
> (ခ) အားလုံးတန်းတူမဲပေးပိုင်ခွင့်နှင့်အတူ မဲဆန္ဒရှင်များ၏ ဆန္ဒအလျောက် လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသော လျှို့ဝှက်မဲပေးစနစ်ဖြင့် အခါအားလျော်စွာကျင်းပသည့် စစ်မှန်သော ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးရန်နှင့် ရွေးကောက်တင်မြှောက်ခံခွင့်။
>
> (ဂ) မိမိနိုင်ငံရှိ အများပြည်သူဝန်ဆောင်မှုများကို သာတူညီမျှမှုဆိုင်ရာ စည်းမျဉ်းများအတိုင်း ရယူသုံးစွဲနိုင်ခွင့်။

ပုဒ်မ ၂၁ အပါအဝင် လူ့အခွင့်အရေးကြေညာစာတမ်း(UDHR) ၏ အဓိကအကြောင်းအရာများကို ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ ဥပဒေအဖြစ် နိုင်ငံအားလုံးအား စည်းနှောင်ထားသည်ဟု ယေဘုယျအားဖြင့် ယူဆကြသည်။ မြန်မာနိုင်ငံသည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ် (ICCPR)တွင် အတည်ပြုလက်မှတ်ထိုးထားခြင်း မရှိသေးသော်လည်း ယင်းပုဒ်မ၂၅

[6] ၁၉၇၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် အသက်ဝင်သည့် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ ရက်စွဲပါ ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၂၂၀၀က (၂၁)၊
https://www.ohchr.org/en/instruments-mechanisms/instruments/international-covenant-civil-and-political-rights

တွင် မြန်မာနိုင်ငံအပေါ်စည်းနှောင်ထားသည့် UDHR ပုဒ်မ ၂၁ ၏ အသေးစိတ်အချက်အလက်များ ပါဝင်သည်။

ယခုမှတ်စု၏ ကျန်ရှိသောအပိုင်း၌ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရာတွင် အဓိက ကျသောစံနှုန်းများကို နိုင်ငံတကာ ပြဋ္ဌာန်းချက်များအတိုင်း ဖော်ပြထားပါသည်။ ရွေးကောက်ပွဲနယ်ပယ်ရှိ နိုင်ငံတကာစံချိန်စံညွှန်းများအကြောင်းတင်ပြထားသည့် အောက်ဖော်ပြပါ အဓိက စာတမ်းနှစ်စောင် ကို ဤမှတ်စု တစ်လျှောက်တွင် ဦးစားပေးရည်ညွှန်းထားပါသည်။

၁။ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၊ အထွေထွေမှတ်ချက်အမှတ် ၂၅- အပိုဒ်ခွဲ ၂၅၊ ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ၊ ၂၇ ရက်။ https://digitallibrary.un.org/record/221930?v=pdf (GC 25)

၂။ ပါလီမန်များသမဂ္ဂ၊ "လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများအတွက် စံသတ်မှတ်ချက်များဆိုင်ရာ ကြေညာချက်"၊ ၁၉၉၄ ခုနှစ်၊ မတ်လ၊ ၂၆ ရက်။

https://www.ipu.org/impact/democracy-and-strong-parliaments/ipu-standards/declaration-criteria-free-and-fair-elections (IPU)[7]

# ရွေးကောက်ပွဲစံနှုန်းများ

## အခြေခံလွတ်လပ်ခွင့်များကို လေးစားခြင်း

နိုင်ငံများက (သတင်းအချက်အလက်ရယူခွင့်အပါအဝင်) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်နှင့် လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်စသည့် အခြေခံလွတ်လပ်ခွင့်များကို

[7] စာဖတ်သူများအနေဖြင့် အောက်ပါ စာတမ်းများကို ကိုးကားလိုပေလိမ့်မည်- OSCE၊ "ဒီမိုကရက်တစ် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် ကတိကဝတ်များ- ဒီမိုကရက်တစ်ရွေးကောက်ပွဲများအတွက် လက်တွေ့ကျသောလမ်းညွှန်ချက် OSCE ODIHR စာမူကြမ်း"၊ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ https://www.osce.org/odihr/elections/16859 ၊ "OSCE ရွေးကောက်ပွဲ ကတိကဝတ်များ"၊၁၉၉၀ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ https://www.osce.org/odihr/elections/19114 နှင့် Carter Center၊ "ရွေးကောက်ပွဲတာဝန်များနှင့်စံနှုန်းများ- Carter Center ၏ အကဲဖြတ်ခြင်း ဆိုင်ရာ လက်စွဲစာဆောင်"၊ ၂၀၁၃ ခုနှစ်၊မတ်လ ၂၂ ရက်၊ https://www.cartercenter.org/resources/pdfs/peace/democracy/cc-oes-handbook-10172014.pdf ။

လေးစားကြောင်းပြသခြင်းသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအတွက် မရှိမဖြစ်လိုအပ်သော အခြေအနေတစ်ရပ်ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်းသည့် အထွေထွေထုတ်ပြန်ချက်များကို GC 25 အပိုဒ် ၁၂ နှင့် IPU အပိုဒ် ၄.၃ တွင်တွေ့နိုင်ပြီး လွတ်လပ်ခွင့်တစ်ခုချင်းစီနှင့်ပတ်သက်သည့် အသေးစိတ်စံနှုန်းများကို အောက်တွင်ဖော်ပြထားပါသည်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၊ မီဒီယာများနှင့် အခြားသုံးသပ်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူတရပ်လုံး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ပြည့်ပြည့်ဝဝမရရှိပါက မည်သည့် ရွေးကောက်ပွဲမှ လွတ်လပ်၍ တရားမျှတသည်ဟု မဆိုနိုင်ပေ။ ထိုသူအားလုံးသည် အာဏာရပါတီ (မြန်မာနိုင်ငံတွင်မူ စစ်အစိုးရ)၊ ၎င်း၏မူဝါဒများနှင့် နိုင်ငံရေးရာထူးများ၊ အခြားပါတီများ နှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများကို ထိထိရောက်ရောက် ဝေဖန်နိုင်ခွင့်ရှိသင့်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စပ်လျဉ်းသည့် အသေးစိတ်သုံးသပ်ချက်အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

- လူတိုင်းသည် နိုင်ငံရေးခံယူချက်အမြင်များကို အဟန့်အတားမရှိ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ (IPU၊ အပိုဒ် ၃.၃)
- လူတိုင်းသည် လူနည်းစုဘာသာစကားများနှင့်ပါ ရွေးကောက်ပွဲ သတင်းအချက်အလက်များ ရယူရန်နှင့် မဲပေးရာတွင် အချက်ကျကျ ရွေးချယ်မဲပေးနိုင်ရန် သတင်းအချက်အလက်များ ရှာဖွေရယူခွင့်ရှိသည်။ (IPU အပိုဒ် ၃.၃၊ ၄.၁ နှင့် ၄.၂၊ GC 25 အပိုဒ် ၁၂)
- ပါတီနှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းတိုင်းသည် မီဒီယာကို တန်းတူ လက်လှမ်းမီခွင့်နှင့် ၎င်းတို့၏ ရွေးကောက်ပွဲမူဝါဒလမ်းစဉ်များကို ချပြရန် ထိုက်သင့်သောအခွင့်အရေးရှိသည်။ (IPU၊ အပိုဒ် ၃.၄ နှင့် ၄.၃)
- ရွေးကောက်ပွဲကာလအတွင်း သတင်းရေးသားတင်ဆက်မှုကို ကြီးကြပ်မည့် ကျင့်ဝတ်တစ်ခုကို လက်ခံကျင့်သုံးရန် မီဒီယာများအား လမ်းညွှန်သင့်သည်။ (IPU အပိုဒ် ၄.၂)

- ပါတီများနှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများသည် နိုင်ငံပိုင်နှင့် ပြည်သူ့အကျိုးပြု မီဒီယာများကို တပြေးညီအသုံးပြုခွင့်ရှိပြီး အဆိုပါမီဒီယာများမှလည်း ရွေးကောက်ပွဲ သတင်းများ တင်ဆက်ရာတွင် ဘက်မလိုက်ဘဲတင်ပြရမည်။ (IPU၊ အပိုဒ် ၄.၃)

အစိုးရအာဏာပိုင်များဘက်မှ ပွင့်လင်းမြင်သာမှုရှိခြင်းသည် သတင်းအချက်အလက်နှင့် အကြံဉာဏ်များ ဖြန့်ဝေခွင့်နှင့် ရှာဖွေရယူခွင့်တို့ပါဝင်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ တစ်စိတ်တစ်ပိုင်း ပင်ဖြစ်သည်။ ဤအကြောင်းခြင်းရာနှင့်ပတ်သက်၍ IPU ၏ အပိုဒ် ၃.၇ တွင် “ပါတီ ကိုယ်စားလှယ်များနှင့် တရားဝင်အသိအမှတ်ပြုထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ များ၏ ရှေ့မှောက်အပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံး ပွင့်လင်းမြင်သာမှုရှိစေရန် လိုအပ်သင့်လျော်သလို အကောင်အထည် ဖော်ရန်” နိုင်ငံများကို တိုက်တွန်းထားသည်။

## လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခွင့်

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကဲ့သို့ပင် လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခွင့်သည် လွတ်လပ်၍တရားမျှ တသည့် ရွေးကောက်ပွဲတစ်ခု၏ ဗဟိုချက်ပင်ဖြစ်သည်။ ဤသည်တွင် နိုင်ငံရေးပါတီများ လွတ်လပ်စွာဖွဲ့စည်းနိုင်ခြင်း၊ နိုင်ငံ၏ အခြေခံဖွဲ့စည်းပုံသဘောတရားကို ပြောင်းလဲသင့်သည်ဟု ထင်မြင်ယူဆချက်များအပါအဝင် မည်သည့်နိုင်ငံရေးအမြင်ကိုမဆို (နိုင်ငံရေးအမြင်ကို ထောက်ခံရာတွင် အကြမ်းဖက်ခြင်းကို အားမပေးသ၍)၊ (လူ့အခွင့်အရေးကို ထိခိုက်စေနိုင်သည့် မူဝါဒများကို ရှေ့တန်းတင်ခြင်းကဲ့သို့သော) နိုင်ငံတကာမှ ဒဏ်ခတ်ပိတ်ဆို့ထားသော ကန့်သတ်ချက်များမှ လွဲ၍ ထောက်ခံအားပေးနိုင်ခြင်းတို့ပါဝင်သည်။ ဤအကြောင်းခြင်းရာ၏ အဓိကအချက်အချို့မှာ အောက်ပါ အတိုင်းဖြစ်သည်။

- နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသော နိုင်ငံတွင်းစည်းမျဉ်းစည်းကမ်းများအတိုင်း လူတိုင်းသည် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံရန် တူညီသောအခွင့်အရေးရှိသည်။ (IPU၊ အပိုဒ် ၃.၁)
- ရွေးကောက်ပွဲဝင်ရန်အတွက် နိုင်ငံရေးပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခု တည်ထောင်ရန် သို့မဟုတ် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် လူတိုင်းတွင် အခွင့်အရေးရှိပြီး ဤသည်ကို ကန့်သတ်ခြင်းမျိုးရှိပါက စံနှုန်းများနှင့် ညီညွတ်ပြီး အကြောင်းပြချက်ခိုင်လုံရမည်။ (GC 25၊ အပိုဒ် ၁၅၊ အပိုဒ် ၃.၂)

- အမည်စာရင်းတင်သွင်းသည့် ရက်စွဲများနှင့် စပ်လျဉ်းသည့်အခြေအနေများ၊ (အမည်စာရင်းတင်သွင်းခြင်းအတွက် လိုအပ်သည့် ထောက်ခံသူအရေအတွက်စသည့်) အခြေအနေများ၊ ရွေးကောက်ပွဲဝင်ခွင့် အခကြေးငွေ သို့မဟုတ် အာမခံငွေများတို့သည် သင့်တင့်ပြီး ကွဲပြားမှုမရှိစေရပါ။ (GC 25 အပိုဒ် ၁၆)
- နိုင်ငံရေးဝါဒသည် ရွေးကောက်ပွဲဝင်ရန်အတွက် မည်သည့်အခါမှ အဟန့်အတား မဖြစ်သင့်ပါ။ (GC ၂၅၊ အပိုဒ် ၁၇)
- ပါတီနှင့် ရွေးကောက်ခံကိုယ်စားလှယ်တိုင်းသည် အခြားပါတီများနှင့် ရွေးကောက်ခံကိုယ်စားလှယ်များ တန်းတူ မဲဆွယ်စည်းရုံးခွင့်ရှိသည်။ (IPU၊ အပိုဒ် ၃.၃)
- ပါတီများနှင့် ရွေးကောက်ခံကိုယ်စားလှယ်များသည် အခြားသူများ၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးကို လေးစားရမည်။ (IPU၊ အပိုဒ် ၃.၁၀)
- နိုင်ငံများအနေဖြင့် နိုင်ငံရေးပါတီများ လွတ်လပ်စွာ ဖွဲ့စည်းလည်ပတ်ခြင်း။ ပါတီနှင့် နိုင်ငံတော် သီးခြားစီခွဲခြားခြင်းနှင့် ဥပဒေပြုရေးဆိုင်ရာရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်းတို့အတွက် သာတူညီမျှအခြေအနေများကို ပံ့ပိုးပေးသင့်သည်။ (IPU အပိုဒ် ၄.၁)

## လွတ်လပ်စွာ စုဝေးခွင့်

လွတ်လပ်စွာ စုဝေးခွင့်သည် လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲကျင်းပရေးအတွက် အခရာဖြစ်သည်။ နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးရာတွင် လူထုစည်းဝေးပွဲများကို အဓိကအားထားလေ့ရှိပြီး၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်သည့် (အရပ်ဘက်အဖွဲ့အစည်းများအပါအဝင်) အခြားသောအဖွဲ့အစည်းများသည်လည်း ၎င်းတို့စိတ်ဝင်စားရာ အရေးကိစ္စများတွင် နိုင်ငံရေးပြယုဂ်ကို မြှင့်တင်ရန် ဆန္ဒထုတ်ဖော်ပွဲများ သို့မဟုတ် သရုပ်ပြပွဲများကို အသုံးပြုနိုင်သည်။ ရွေးကောက်ပွဲနယ်ပယ်ရှိ နိုင်ငံတကာစံနှုန်းများမှာ (ဥပမာအားဖြင့် လမ်းများ နယ်နိမိတ်ပိတ်ဆို့ခြင်းများ စသည့်) ဥပဒေချိုးဖောက်ခြင်းမျိုးဖြစ်စေကာမူ ငြိမ်းချမ်းစွာစုဝေးခြင်းကို ကန့်သတ်ခြင်းအား အနည်းအကျဉ်း မျှသာ ခွင့်ပြုထားသည်။ ဤအကြောင်းခြင်းရာ နှင့်ပတ်သက်၍ IPU၊ အပိုဒ် ၄.၃ တွင် လွတ်လပ်စွာ စုဝေးခွင့်အကြောင်းနှင့် နိုင်ငံရေးဆန္ဒထုတ်ဖော်ပွဲများနှင့် တွေ့ဆုံပွဲများတွင် လွတ်လပ်စွာ စုဝေးခွင့်ကို လေးစားသင့်ကြောင်း ညွှန်းဆိုထားသည်။

## လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်

လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်သည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများအတွက် မရှိမဖြစ် အရေးပါသော နောက်ထပ်အခြေခံတစ်ခုဖြစ်သည်။ ရွေးကောက်ခံကိုယ်စားလှယ်များ၊ ပါတီကိုယ်စားလှယ် များနှင့် ၎င်းတို့အားထောက်ခံသူများသည် သက်ဆိုင်ရာပါတီများ၊ မူဝါဒလမ်းစဉ် များကို မဲဆွယ်စည်းရုံးရန် နှင့် အခြားရွေးကောက်ခံကိုယ်စားလှယ်များအား ပံ့ပိုးကူညီရန်အပါအဝင် နိုင်ငံတစ်ဝန်း လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ရှိသင့်သည်။ မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲအကြိုကာလတွင် မဲပေးရန်အတွက် လွတ်လပ်စွာ သွားလာခွင့်ရှိရမည်။ ဤအကြောင်းခြင်းရာနှင့်ပတ်သက်သည့် သုံးသပ်ချက်အသေးစိတ်တွင် အောက်ပါတို့ပါဝင်သည်။

- လူတိုင်းသည် ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးရန်အလို့ငှာ နိုင်ငံအတွင်းလွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ (IPU၊ အပိုဒ် ၃.၃)
- ပါတီများနှင့် ရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့အမြင်များကို မဲပေးခွင့် ရှိသူများ သို့ ဆက်သွယ်ပြောကြားနိုင်ခွင့်အပါအဝင် လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်ကို နိုင်ငံတော်မှ လေးစား ရမည်။ (IPU၊ အပိုဒ် ၄.၃)

## ရွေးကောက်ပွဲရလဒ်ကို လေးစားခြင်း

ရွေးကောက်ပွဲရလဒ်များကို လူတိုင်းက လေးစားလိုက်နာခြင်းသည် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ၏ အဓိကအချက်တစ်ခုဖြစ်သည်မှာ ထင်ရှားလွန်းသော်ငြား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာသိမ်းမှုကျူးလွန်ခဲ့သော လက်ရှိမြန်မာနိုင်ငံကို အုပ်ချုပ်နေသည့် စစ်အစိုးရသည် ရွေးကောက်ပွဲရလဒ်ကို မလေးစားခဲ့သည်မှာ အတိအကျပင်ဖြစ်သည်။ ရွေးကောက်ပွဲဝင် နိုင်ငံရေး ပါတီများ၊ ရွေးကောက်ခံကိုယ်စားလှယ်များထက်စာလျှင် ရွေးကောက်ပွဲကို ကြီးကြပ်သည့် အမှီအခိုကင်း သောအဖွဲ့အစည်းက (တစ်ခါတစ်ရံ မီဒီယာများနှင့်တွဲဖက်၍ ရွေးကောက်ပွဲရလဒ် ကိုကြေညာပေးရမည်။ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ခံကိုယ်စားလှယ်များက အရှုံးကိုလက်သင့်ခံ ကြောင်း ပြောကြားချင်ပါက

ပြောကြားနိုင်သည်။) ပါတီများနှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ (နှင့် အခြားသက်ဆိုင်ပါဝင်သူများ)၏ အခွင့်အရေးကို ထိခိုက်မှုမရှိစေဘဲ မဲပြန်လည်ရေတွက်ရန်တောင်း ဆိုခြင်း သို့မဟုတ် ရလဒ်များအပေါ် အငြင်းပွားမှုရှိခဲ့လျှင် အမှီအခိုကင်းသော အဖွဲ့အစည်းများ (ပုံမှန်အားဖြင့် ရွေးကောက်ပွဲအဖွဲ့ သို့မဟုတ် တရားရုံးများ) မှပင်လျှင် အရေးယူဆောင်ရွက်သင့်သည်။

ဤအချက်၏ အရေးပါမှုကို GC 25၊ အပိုဒ် ၁၉ ၌ "စစ်မှန်သော ရွေးကောက်ပွဲများ၏ ရလဒ်ကို လေးစားအကောင်အထည်ဖော်သင့်ကြောင်း" ထင်ဟပ်ဖော်ပြထားသည်။ အလားတူ IPU အပိုဒ် ၃.၁၁ တွင်လည်း "ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီတိုင်းသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ရလဒ်ကို လက်ခံရမည်။" ဟု ပါရှိသည်။

## အခါအားလျော်စွာကျင်းပသော ရွေးကောက်ပွဲများ

ရွေးကောက်ပွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုံမှန်အားဖြင့် အခါအားလျော်စွာကျင်းပသင့်ပြီး နိုင်ငံအများစုတွင် လေးနှစ်မှ ငါးနှစ်အတွင်း၊ တစ်ခါတစ်ရံ ပိုသေ အချိန်ဇယားအတိုင်းနှင့် တစ်ခါတစ်ရံ ရွေးကောက်ပွဲကျင်းပရန်လိုအပ်သောအခါများတွင် ကျင်းပသင့်သည်။ "အခါအားလျော်စွာ"ဟူသော ဝေါဟာရသည် UDHR အပိုဒ်ခွဲ ၂၁ (၃) နှင့် ICCPR အပိုဒ် ၂၅ (ခ) နှစ်ခုစလုံးတွင် ပါဝင်ပြီး ရွေးကောက်ပွဲများတွင် ဤအင်္ဂါရပ်၏ မရှိမဖြစ်သဘောသဘာဝကို အချက်ပြနေသည်။ အခါအားလျော်စွာရွေးကောက်ပွဲများ ကျင်းပရန်လိုအပ်ချက်ကို GC 25 ၏ အပိုဒ် ၉၊ ၁၉ နှင့် ၂၂တွင်လည်းကောင်း IPU အပိုဒ် ၁ နှင့် ၄.၁ တို့တွင်လည်းကောင်း ထင်ဟပ်ပြထားသည်။

## အကြမ်းဖက်မှု

အကြမ်းဖက်မှုမှန်သမျှမှ ကင်းဝေးရန်မှာ ရွေးကောက်ပွဲ၏ အဓိကအင်္ဂါရပ်တစ်ရပ်ဖြစ်သည်။ ရွေးကောက်ပွဲကာလအတွင်းဖြစ်ပေါ်သော အကြမ်းဖက်မှုများသည် အထက်တွင် ဖော်ပြထားသော

အခြေခံအခွင့်အရေးများကို လေးစားမှု ပျက်ပြားစေသလို ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ အခရာဖြစ်သော တရားမျှတပြီး ငြိမ်းချမ်းသော ယှဉ်ပြိုင်မှု အယူအဆနှင့် လုံးလုံးလျားလျား ဆန့်ကျင့်လျက်ရှိသည်။ ထို့ကြောင့် GC ၂၅၊ အပိုဒ် ၁၉ တွင် "မဲဆန္ဒရှင်များသည် အကြမ်းဖက်မှု၊ သို့မဟုတ် အကြမ်းဖက်ခြိမ်းခြောက်မှု၊ အတင်းအကြပ်ပြုခြင်း၊ လာဘ်ထိုးခြင်း၊ အနှောင့်အယှက်ပေးခံရခြင်းတို့မှ ကင်းဝေးပြီး မိမိတို့ထင်မြင်ယူဆချက်အတိုင်း လွတ်လပ်စွာ မဲပေးနိုင်ရမည်။"ဟု ဖော်ပြထားသည်။ IPUက ဤအကြောင်းအရာနှင့်ပတ်သက်ပြီး နောက်ထပ်အသေးစိတ်အချက်အလက်တစ်ချို့ကို ထည့်သွင်းထားသည်။

- ရွေးကောက်ခံကိုယ်စားလှယ်များ၏ တစ်ကိုယ်ရည်နှင့် ပိုင်ဆိုင်မှုဆိုင်ရာ လုံခြုံရေးရယူခွင့်ကို အသိအမှတ်ပြု ကာကွယ်ရမည်။(အပိုဒ် ၃.၅)
- ပါတီနှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများသည် မည်သို့သော အကြမ်းဖက်မှုမျိုးတွင်မှ ပါဝင်ပတ်သက်ခြင်းမရှိရခြင်းအပါအဝင် လူမှုအသိုက်အဝန်းအတွက် တာဝန်ခံမှုရှိရမည် ။ (အပိုဒ် ၃.၉)
- နိုင်ငံများအနေဖြင့် "ပါတီများ၊ ရွေးကောက်ခံကိုယ်စားလှယ်များနှင့် ထောက်ခံအားပေးသူများ သာတူညီမျှ လုံခြုံရေးရရှိရန်နှင့် ရွေးကောက်ပွဲအကြမ်းဖက်မှုကို တားဆီးရန်" လိုအပ်သည်များ ဆောင်ရွက်ရမည်။ (အပိုဒ် ၄.၈)

## အားလုံးတန်းတူမဲပေးပိုင်ခွင့်

အားလုံး တန်းတူ မဲပေးပိုင်ခွင့် အယူအဆသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ၏ နှလုံးသည်းခြေတွင်တည်ရှိသည်။ တရားမျှတသော ကန့်သတ်ချက်အချို့မှလွဲ၍ လူတိုင်း မဲပေးခွင့်ရှိသင့်ပြီး အဆိုပါဆန္ဒမဲသည် အခြားသူများ၏ ဆန္ဒမဲနှင့် တန်းတူဖြစ်ရမည်။ GC ၂၅ ၏ အပိုဒ် ၂၁ တွင် ရှင်းလင်းထားသလို နိုင်ငံတကာစံနှုန်းများသည် မည်သည့်ရွေးကောက်ပွဲပုံစံစနစ်ဟု တိတိပပဖော်ညွှန်းထားခြင်းမရှိသော်လည်း "လူတစ်ဦး ဆန္ဒမဲတစ်ခု မူကို ကျင့်သုံးရမည်ဖြစ်ပြီး မဲဆန္ဒရှင်တစ်ဦး၏ ဆန္ဒမဲသည် အခြားသူများ၏ ဆန္ဒမဲနှင့် တန်းတူရှိရမည်။" ဟု ရှင်းလင်းဖော်ပြထားသည်။ အလားတူ IPU၊ အပိုဒ် ၂.၁ တွင် "အရွယ်ရောက်ပြီး နိုင်ငံသားတိုင်းသည် ခွဲခြားဆက်ခံမှုမရှိသော အခြေခံဖြင့် ရွေးကောက်ပွဲများတွင်

မဲပေးခွင့်ရှိသည်။" ဟု ဖော်ပြထားပြီး အပိုဒ် ၂.၆ တွင်မူ "မဲပေးသူတိုင်း၏ ဆန္ဒမဲတန်ဖိုးသည် အခြားမဲများနှင့် တန်းတူညီမျှ" ရှိရမည်ဖြစ်ကြောင်း အတိအလင်းဖော်ပြထားသည်။ ထို့အပြင် "ပုဒ်မ ၂၅ ဖြင့် အကာအကွယ်ပေးထားသော အခွင့်အရေးများကို ကျင့်သုံးရာတွင် မည်သည့်အခြေအနေမဆို ဓမ္မဓိဋ္ဌာန်ကျပြီး ကျိုးကြောင်းဆီလျော်သင့်သည်။" (GC 25၊ အပိုဒ် ၄)

နိုင်ငံအားလုံးတွင် မဲပေးရန်နှင့် ရွေးကောက်ပွဲဝင်ရန် အသက်ကန့်သတ်ချက်များ ချမှတ်ထားပြီး "ကာယမသန်စွမ်းမှုအပေါ် မဲပေးခွင့်ကန့်သတ်ခြင်း သို့မဟုတ် မဲပေးရန် စာတတ်မြောက်မှု၊ ပညာရေးနှင့် ပိုင်ဆိုင်မှု လိုအပ်ချက်များထည့်သွင်းခြင်း"မှာ တရားမဝင်သော်လည်း တစ်ချို့နိုင်ငံများတွင် ဉာဏမသန်စွမ်းမှုအပေါ် မဲပေးခွင့် ကန့်သတ်ထားသည်။ (GC 25 အပိုဒ် ၁၀)

ICCPR ၏ အပိုဒ်ခွဲ ၂၅ သည် ပဋိညာဉ်က ကာကွယ်ထားသော အခွင့်အရေးများကြားတွင် အထူးခြားဆုံးဖြစ်ပြီး ပဋိညာဉ်တွင်ပါဝင်သော အခြားအခွင့်အရေး အများစုတွင် ပါဝင်သည့် "လူတိုင်း" အစား "နိုင်ငံသား" ဟု ကန့်သတ်ထားသည်။ သို့ရာတွင် ပုဒ်မ ၂၅ပါ အခွင့်အရေးများကို ခံစားရာတွင် "လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေးနှင့် အခြားအယူအဆများ၊ အမျိုးသား သို့မဟုတ် လူမှုရေးဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှုနှင့် အခြားအဆင့်အတန်း"များအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှု မပြုရသည်မှာ ထင်ရှားပြီး (GC 25၊ အပိုဒ် ၃)၊ မွေးရာပါ နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံသားပြုခွင့်ဖြင့် နိုင်ငံသားဖြစ်ခြင်းတို့အကြား ခွဲခြားဆက်ဆံမှုများကို သံသယဖြင့်ရှုမြင်ထားသည်။ အခြားလူ့အခွင့်အရေးစံနှုန်းများ၊ အထူးသဖြင့် ခွဲခြားဆက်ဆံခြင်းနှင့်ပတ်သက်၍ လူတစ်ဦးချင်းစီအား နိုင်ငံသားပြုခွင့်ပေးရာတွင် လူမျိုးရေးအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားသည်။[8] GC ၂၅၊ အပိုဒ် ၃ တွင် နိုင်ငံအချို့ သည် အမြဲတမ်းနေထိုင်သူများကဲ့သို့သော အခြားအုပ်စုများကိုလည်း မဲပေးပိုင်ခွင့်အချို့ပေးအပ်နိုင်သည် ကိုလည်း ထောက်ပြထားသည်။

---

[8] ဥပမာအားဖြင့် ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အသက်ဝင်သော ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် ရက်စွဲပါ လူမျိုးရေးခွဲခြားမှုပပျောက်ရေး နိုင်ငံတကာညီလာခံ (CERD)၊ ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် ၂၁၀၆က (၂၀)၊ အပိုဒ်ခွဲ ၁ (၃) တွင် ကြည့်ပါ။

https://www.ohchr.org/en/instruments-mechanisms/instruments/international-convention-elimination-all-forms-racial

ဤအကြောင်းအရာ၏ နောက်ထပ်အသေးစိတ်အချက်အလက်များတွင် အောက်ပါတို့ပါဝင်သည်-

- ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းသည် "ထိရောက်ပြီး၊ ဘက်လိုက်ခွဲခြားဆက်ဆံခြင်းမရှိသော လုပ်ထုံးလုပ်နည်းအတိုင်း မဲဆန္ဒရှင်မှတ်ပုံတင်ခွင့်ရှိသည်။" (IPU အပိုဒ် ၂.၂၊ IPU အပိုဒ် ၄.၂ တွင်လည်း တွေ့နိုင်သည်။)
- ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းသည် " ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံးရန်အတွက် မဲရုံသို့ တန်းတူညီမျှ လွယ်လင့်တကူ ဝင်ရောက်ခွင့်ရှိသည်။" (IPU၊ အပိုဒ် ၂.၅)
- မဲဆန္ဒနယ်မြေ သတ်မှတ်ခြင်းနှင့် ဆန္ဒမဲခွဲဝေချထားခြင်းနည်းလမ်းကြောင့် မဲဆန္ဒရှင်စာရင်းပုံစံ ပျက်မသွားစေသင့်ပါ။ (GC ၂၅၊ အပိုဒ် ၂၁)
- နိုင်ငံများအနေဖြင့် "မဲမသမာမှု သို့မဟုတ် အခြားတရားမဝင်မှုတို့ မဖြစ်စေရန်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်နှင့် သမာသမတ်ကျကျ စောင့်ကြည့်စစ်ဆေးမှုနှင့်အတူ လေ့ကျင့်ထားသော ဝန်ထမ်းများမှ မဲရေတွက်ရန် "တို့ကို ဆောင်ရွက်စေရမည်။ (IPU အပိုဒ် ၄.၆)
- မဲပုံးများ၏ လုံခြုံရေးကို အာမခံရမည်ဖြစ်ပြီး ရွေးကောက်ခံကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များရှေ့မှောက်တွင် မဲရေတွက်သင့်သည်။ (GC 25 အပိုဒ် ၂၀)

## လျှို့ဝှက်မဲ

အားလုံးတန်းတူမဲပေးပိုင်ခွင့်အယူအဆနှင့်နီးစပ်ဆက်နွယ်နေသည်မှာ မဲပြားကတစ်ဆင့် လူတစ်ဦး တစ်ယောက်အား ခြေရာမခံစေရဘဲ မဲပြားကို လျှို့ဝှက်ထားသင့်သည်ဟူသော အယူအဆဖြစ်သည်။ ဤအချက်နောက်ကွယ်ရှိ အဓိကသဘောတရားမှာ ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်းမရှိဘဲ လူတစ်ဦးချင်း၏ မဲပေးပိုင်ခွင့်ကို ကာကွယ်ရန်ဖြစ်သည်။ GC 25 ၊ အပိုဒ် ၂၀ တွင် "နိုင်ငံများသည် ရွေးကောက်ပွဲများတွင် ပျက်ကွက်မဲများအပါအဝင် မဲများ၏ လျှို့ဝှက်မှုကို အာမခံနိုင်ရန် အလေးထားဆောင်ရွက်သင့်သည်။"ဟု ဖော်ပြထားသည်။ IPU၊ အပိုဒ် ၂.၇ တွင် "လျှို့ဝှက်စွာမဲပေး ခွင့်သည် အကြွင်းမဲ့ဖြစ်ပြီး မည်သည့်နည်းနှင့်မျှ ကန့်သတ်ခြင်းမရှိစေရ" ဟု ပို၍ပင် ပြတ်ပြတ်သားသား ဖော်ပြထားသည်။ ဆက်လက်ပြီး နိုင်ငံများသည်

"လျှို့ဝှက်မဲပေးခြင်းစည်းမျဉ်းကို လေးစားလိုက်နာရန်နှင့် မဲပေးသူများသည် ကြောက်ရွံ့ခြင်းမရှိဘဲ လွတ်လပ်စွာမဲပေးနိုင်စေရန် သင့်လျော်လိုအပ်သော အစီအမံများအားလုံးဆောင်ရွက်"သင့်သည်ဟု ဖော်ပြပါရှိသည်။ (IPU အပိုဒ် ၄.၅)

## အမှီအခိုကင်းသော ကြီးကြပ်မှု

မီဒီယာစည်းမျဉ်းနှင့် လူ့အခွင့်အရေးကို ကာကွယ်ခြင်းအပါအဝင် ဒီမိုကရေစီအုပ်ချုပ်ရေးနယ်ပယ်အများအပြားအတွက် အမှီအခိုကင်းသော ကြီးကြပ်မှုသည် အရေးပါသော်ငြားလည်း ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်သည် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများအပေါ်တွင် တည်မှီသောကြောင့် အမှီအခိုကင်းသော ကြီးကြပ်ခြင်းသည် ရွေးကောက်ပွဲများအတွက် အခြားအရာများထက် ပိုပြီးအရေးပါပုံရသည်။ GC 25 အပိုဒ် ၂၀ တွင် "ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ကြီးကြပ်ရန်နှင့် တည်ဆဲဥပဒေများနှင့်အညီ တရားမျှတ၊ သမာသမတ်ကျစွာ ရွေးကောက်ပွဲကျင်းပနိုင်စေရန် အမှီအခိုကင်းသော ရွေးကောက်ပွဲ အခွင့်အာဏာတစ်ခု ထူထောင်သင့်သည်"ဟု ဖော်ပြထားသည်။ IPU၊ အပိုဒ် ၄.၂ တွင်လည်း "ရွေးကောက်ပွဲများကို စီမံခန့်ခွဲရန်အတွက် ကြားနေ၍ ဘက်မလိုက်သော သို့မဟုတ် ဟန်ချက်ညီသော ယန္တရားတစ်ခု ထူထောင်ရန်" လိုအပ်ကြောင်း၊ ရွေးကောက်ပွဲ၏ ကဏ္ဍမျိုးစုံကို အကောင်အထည်ဖော်ရန် တာဝန်ရှိသူများက "လေ့ကျင့်ထားပြီး သမာသမတ်ကျစွာ ပြုမူရန်" လိုအပ်ကြောင်းလည်း အလေးပေးဖော်ပြသည်။ အလားတူစာပိုဒ်သည် "ပြည်တွင်းနှင့် နိုင်ငံတကာလေ့လာစောင့်ကြည့်သူများ" ၏ အရေးပါမှုကိုလည်း ရည်ညွှန်းထားသည်။

## အယူခံဝင်ခြင်း

ရွေးကောက်ပွဲများကို ကြီးကြပ်ရန် အမှီအခိုကင်းသောအဖွဲ့အစည်းတစ်ရပ် ထူထောင်ရန်အရေးကြီးသည်။ သို့ရာတွင် အဆိုပါအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်များအားလုံး အတည်ဖြစ်သင့်ပြီး ထောက်ပြပြောဆိုရန် မလိုဟု မဆိုလိုပါ။ အကျွမ်းကျင်ဆုံးအဖွဲ့အစည်းများသည်ပင် အမှားရှိတတ်ရာ ဆုံးဖြတ်ချက်များကို စိန်ခေါ်မေးခွန်းထုတ်နိုင်ခြင်းသည် ဒီမိုကရက်တစ်လုပ်ငန်းစဉ်များအတွက် အဓိကကျသည်။ GC 25 အပိုဒ် ၂၀ တွင် ဆိုထားသလို "မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်ကို အမှီအခိုကင်းသော

စုံစမ်းစစ်ဆေးမှုရှိသင့်ပြီး တရားစီရင်ရေးအရ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် အခြား တူညီသောလုပ်ငန်းစဉ်များသို့ လက်လှမ်းမီစေရမည်။

IPU က ယင်းအကြောင်းအရာနှင့်ပတ်သက်ပြီး နောက်ထပ် အသေးစိတ်အချက်အချို့ကို ထည့်ပေါင်း ထားသည်။

- လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် နိုင်ငံရေးပါတီတိုင်းသည် တရားဥပဒေ၏ အကာအကွယ်နှင့် "နိုင်ငံရေးနှင့်ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးများကို ချိုးဖောက်ခြင်းအတွက် ကုစားခွင့်" ရရှိနိုင်ရမည်။ (IPU အပိုဒ် ၃.၆)
- ဆန္ဒမဲပေးပိုင်ခွင့် သို့မဟုတ် ဆန္ဒမဲပေးရန် စာရင်းသွင်းခြင်းကို ငြင်းပယ်ခံရသောမည်သူမဆို သို့မဟုတ် "ရွေးကောက်ခံခြင်း။ ပါတီနှင့် မဲဆွယ်စည်းရုံးခွင့် အခွင့်အရေးများအား ငြင်းပယ်ခြင်း သို့ ကန့်သတ်ခြင်း"ခံရသူ မည်သူမဆို မှားယွင်းမှုကို ဆောလျင်စွာ၊ ထိထိရောက်ရောက် ပြင်ဆင်ပေးနိုင်သည့် အရည်အချင်းသုံးသပ်ခြင်းလုပ်ငန်းစဉ်ကို လူတိုင်း လက်လှမ်းမီခွင့်ရှိသည်။ (IPU၊အပိုဒ် ၂.၄ နှင့် ၃.၈)
- ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် စပ်လျဉ်းသော တိုင်ကြားစာမှန်သမျှကို "ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ အချိန်ဘောင်အတွင်း ဆောလျင်စွာဖြင့် အမှီအခိုကင်းပြီး သမာသမတ်ကျသော အာဏာပိုင်အဖွဲ့အစည်းမှ ထိထိရောက်ရောက် ဆုံးဖြတ်ကိုင်တွယ်သင့်သည်။ (IPU၊ အပိုဒ် ၄.၈)